မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 9 , 2023 Volume 63, Number 7

၉.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၈ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၆၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၈.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၇.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၄.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၈၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၆.၈၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၆.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၇၅၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာ့ထောပတ်သီးကို မလေးရှားနိုင်ငံတစ်နိုင်ငံတည်းကိုသာ တင်ပို့နေဟုဆို


https://www.popularmyanmar.com/?p=102478

မြန်မာနိုင်ငံမှစိုက်ပျိုးထွက်ရှိသည့် မြန်မာ့ထောပတ်သီးကို လက်ရှိတွင် မလေးရှားနိုင်ငံတစ်နိုင်ငံတည်းကိုသာ MOU စနစ်ဖြင့် တင်ပို့နေကြောင်း မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှသိရသည်။

ယခုနှစ် ထောပတ်သီးရာသီချိန်တွင် လေကြောင်းကုန်သွယ်မှုမှတစ်ဆင့် မလေးရှားနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၅၀ ကို နှစ်သုတ်ခွဲ၍ တင်ပို့ထားပြီး နောက်ဆုံးကျန်သည့်အသုတ်ကို လာမည့်အပတ်တွင် ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ "လက်မှတ်ထိုးထားတာကတော့ တန် ၅၀ ပေါ့။ တင်ပို့ဖို့ကတော့ နောက်ဆုံးတစ်ခေါက်ကျန်သေးတယ်။ အဲဒါပြီးမှ စုစုပေါင်း ပေါင်းလို့ရမှာပေါ့။ နှစ်ခေါက်တော့ပို့ထားပါတယ် ကွန်တိန်နာနဲ့။ Normal Trade လေကြောင်းလိုင်းနဲ့ သွားတာပါ။ ၁၂ လပိုင်းကစပို့တာပါ။ စိတ်ဝင်စားတဲ့နိုင်ငံတွေကတော့ အာရှမှာ ဒူဘိုင်း၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ထိုင်း၊ မလေးရှား သူတို့က အဓိကစိတ်ဝင်စားတဲ့သူတွေပေါ့။ အဓိကပြဿနာက ကမ္ဘာ့ပေါက်ဈေးက နိမ့်နေတယ်။ Local ဈေးကမြင့်နေတဲ့အတွက် မပို့နိုင်ဘူး"ဟု မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောသည်။

မြန်မာ့ထောပတ်သီးတွေကို မလေးရှားသို့ နမူနာအနေဖြင့် စမ်းသပ်တင်ပို့ခြင်းဖြစ်ပြီး လေကြောင်းကနေတင်ပို့မှုကို ပြီးခဲ့သည့် ဒီဇင်ဘာလကနေ ဇန်နဝါရီအထိ တင်ပို့ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ထောပတ်သီးစိုက်ပျိုးသည့် တောင်သူများစုဖွဲ့ထားသော Shan Avocado ကုမ္ပဏီတို့ ပူးပေါင်းကာ တောင်သူများ တိုက်ရိုက်တင်ပို့ခြင်းဖြစ်ပြီး မှာယူသည့် မလေးရှားကုမ္ပဏီကနေ ထောပတ်သီး 1 Kg ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဒေါ်လာ ဈေးပေးဝယ်ယူမှုရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ထောပတ်သီးကို ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးလေ့ရှိကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း၌ တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်၊ ရှမ်းပြည်နယ် မြောက်ပိုင်း၌ လားရှိုး၊

ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့် မန္တလေးတိုင်းဒေသကြီး၌ ပြင်ဦးလွင်၊ မိုးကုတ်ဒေသများတွင် စိုက်ပျိုးကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=102478

## ပြည်တွင်း ကြံတစ်တန်ဈေး ယခင်ထက် ထက်ဝက်နီးပါး အမြင့်ဈေးရနေ




အခုနှစ် ကြံကြိတ်ခွဲရာသီအတွင်း ကြံသီးနှံရဲ့ ကြမ်းခင်းဈေးကွက်မှာ ယမန်နှစ်ထက် ဈေးနှုန်းထက်ဝက်နီးပါး လောက် မြင့်တက်လာပါတယ်။

ကြံသီးနှံတစ်တန်ရဲ့ ကြမ်းခင်းဈေးဟာ မနှစ်ကတော့ ကျပ် ၅၀၀၀၀ မှ ၆၄၀၀၀ အထိသာ ပေါက်ဈေးရှိပေမယ့် အခုနှစ်တော့ ငွေကျပ် ၉၅၀၀၀ အထိ ဈေးနှုန်းရှိလာတာပါ။ “ကြံတစ်တန်ကို ကြမ်းခင်းဈေးငွေကျပ် ၉၅၀၀၀ အထိ လက်ရှိရနေပါတယ်။ သကြားဈေးလည်းကောင်းနေတော့ ဒီလိုတိုးမြှင့်သတ်မှတ်ပေးတာ တောင်သူတွေအတွက်လည်း ပိုအဆင်ပြေတာပေါ့” လို့ လားရှိုးခရိုင် အတွင်းရှိ ကြံစိုက်တောင်သူတစ်ဦးက ဆိုပါတယ်။

တစ်နိုင်ငံလုံးမှာ ကြံသီးနှံမှ သကြားထုတ်တဲ့ စက်ရုံပေါင်း ၂၃ ရုံရှိပါတယ်။ ၎င်းသကြားစက်ရုံတွေက ကြံသီးနှံဈေးနှုန်းတိုးမြှင့်ပေးလို့ အခုလိုရာသီ အလိုက်ဈေးနှုန်းအမြင့် ရလာတာလို့ တောင်သူတွေကဆိုထားပါတယ်။

ကြံသီးနှံဟာ စတင်စိုက်ပျိုးချိန်မှ သက်တမ်းသုံးနှစ်အထိ တစ်နှစ်လျှင်တစ်ကြိမ် ခုတ်ယူရောင်းချနိုင်သလို တစ်ဧကရဲ့ စိုက်ပျိုးစရိတ်မှာ ပျမ်းမျှငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ဝန်းကျင်အထိကုန်ကျနိုင်ပါတယ်။ အထွက်နှုန်းအနေနဲ့တော့ ကြံတစ်ဧကကို ပျမ်းမျှတန်ချိန် ၃၈ တန် မှ ၄၅ တန်အထိ ထွက်လေ့ရှိပြီး ကြံကို စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အရှေ့ခြမ်းနှင့် အနောက်ခြမ်း) ၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်မြောက်ပိုင်း)တွေမှာ အဓိကစိုက်ပျိုးနေတာပါ။ ရန်ကုန်တိုင်းမှာတော့ အနည်းငယ်စိုက်ပျိုးလေ့ရှိပါတယ်။ နှစ်စဉ် ဩဂုတ် ၊ စက်တင်ဘာစတဲ့လတွေမှာ ကြံသီးနှံကို ကြမ်းခင်းဈေးနှုန်းတွေ သတ်မှတ်ပြီး သကြားစက်တွေက ဝယ်ယူလေ့ရှိပါတယ်။

မြန်မာနိုင်ငံမှာ ကြံစိုက်တောင်သူပေါင်း ၃ သိန်းကျော်အထက်မှာ ရှိပြီး နှစ်စဉ်ပျမ်းမျှ ကြံစိုက်ဧကပေါင်း ၄ ဒသမ ၅ သိန်းကျော်လောက်ကို စိုက်ပျိုးနေတာပါ။ အဲဒီစိုက်ပျိုးမှုကနေ သကြားထုတ်လုပ်မှုဟာလည်း နှစ်စဉ်ပျမ်းမျှတန်ချိန်ပေါင်း ၄ သိန်းခွဲမှ ၅ သိန်းကြားရှိပါတယ်။

**ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## အရည်အသွေးညံ့သည့် ကြက်သွန်များ အဝင်များလာခြင်းကြောင့် ဈေးကွက်ပျက်နေဟုဆို

ဈေးကွက်အတွင်းသို့ ကြက်သွန်ကုန်ကားများအဝင်များသော်လည်း အရည်အသွေးညံ့သည့် ပစ္စည်းများနေခြင်းကြောင့် ကြက်သွန်ဈေးကွက်ပျက်နေကြောင်း ရွှေပြည့်အောင်ပွဲရုံမှ သိရသည်။

“ကြက်သွန်ဈေးကနည်းနည်းပြန်တက်လာတယ်။ ပစ္စည်းတွေကအဝင်များတယ်။ ဒါပေမယ့် ညံ့တဲ့ပစ္စည်းတွေက များနေတော့ ဈေးကွက်ကပျက်နေတာ။ ကြက်သွန်တွေကို အခြောက်မခံဘဲ အစိုတွေချည်းတင်ပို့နေတော့ အဆင်မပြေဘူး။ ပြည်ပဝယ်လိုအားကလည်း ကျမသွားဘူး။ ပုံမှန်အတိုင်းတင်ပို့နေရပါတယ်”ဟု ရွှေပြည့်အောင်ပွဲရုံမှ ကုန်သည်တစ်ဦးက ပြောသည်။

ယင်းအပြင် စက်သုံးဆီဈေးမြင့်တက်မှုကြောင့် သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်နေသော်လည်း ပုံမှန်အတိုင်း နယ်ကနေ ရန်ကုန်သို့ ကုန်ကားများ ဝင်ရောက်နေဆဲဖြစ်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။

မြန်မာပြည်တွင် စိုက်ပျိုးထုတ်လုပ်သည့် ကြက်သွန်နီကို ပြည်ပဝယ်လိုအားဖြစ်သည့် ထိုင်းနိုင်ငံ၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံမှ အဓိကဝယ်ယူနေခြင်းဖြစ်ပြီး နယ်မှရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်)သို့ ကြက်သွန်ကားအစီးရေသည် ယခင်က နေ့စဉ် ၂၅ စီးဝန်းကျင် ဝင်ရောက်ရာမှ ယခုလက်ရှိတွင် အစီးရေ ၅၀ ဝန်းကျင်ဝင်ရောက်နေကြောင်း သိရသည်။

တစ်ရက်လျှင် ပျမ်းမျှ ကြက်သွန်နီ ကုန်ချိန်ပိဿာ(၂)သောင်း (၁)ပတ်အတွင်း စုစုပေါင်းပိဿာ(၁)သိန်းခွဲခန့် ကုန်စည်ဒိုင်ကို ဝင်ရောက်နေပြီး မြို့ပေါ်မှာရှိသည့် ကြက်သွန်ကုန်သည်သိုလှောင်ရုံများတွင်လည်း ကြက်သွန်နီပိဿာ ပျမ်းမျှ (၁)ပတ်အတွင်း ကုန်ချိန် (၃)သိန်းခွဲဝန်းကျင် ဝင်ရောက်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=102633

## ယခုနှစ် ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပြောင်းသီးနှံတင်ပို့မှုတွင် ပင်လယ်ရေကြောင်းမှ အများဆုံးတင်ပို့ထား

ယခုနှစ် ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပြောင်းတင်ပို့မှုတွင် ပြီးခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ အများဆုံးတင်ပို့ထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ ခြောက်လတာကာလအတွင်း ပင်လယ်ရေကြောင်းမှ ပြောင်းတန်ချိန် (၇) သိန်း (၇) သောင်းကျော် တင်ပို့ထားကြောင်းသိရသည်။ “ပြောင်းတင်ပို့မှုကတော့ ပြီးခဲ့တဲ့နှစ်နဲ့ နှိုင်းယှဉ်ရင်တော့ ပင်လယ်ရေကြောင်းက ပို့တာများပါတယ်။ ပြီးခဲ့တဲ့နှစ် ဩဂုတ်လကနေ ဇန်နဝါရီလအထိကို ပြောင်းတန်ချိန် (၇) သိန်း (၇) သောင်းကျော်တင်ပို့ထားတယ်။ တစ်လကို တန်ချိန် တစ်သိန်းနှစ်သောင်း၊ တစ်သိန်းရှစ်ထောင်လောက်ထိ တင်ပို့ပါတယ်။ ထိုင်းကတော့ တင်ပို့နေပါပြီ။ ဖေဖော်ဝါရီလဆန်းပိုင်းကနေစပြီး နယ်စပ်လမ်းကြောင်းတွေကရော။ ပင်လယ်ရေကြောင်းကရော တင်ပို့နေပါပြီ” ဟု မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောသည်။

လက်ရှိတွင်လည်း မြန်မာ့ပြောင်းတွေကို ဈေးကွက်အသစ်တိုးချဲ့၍ တင်ပို့နေကြောင်းလည်း သိရသည်။ မြန်မာ့ပြောင်းကို ဖိလစ်ပိုင်၊ ဗီယက်နမ် အစရှိသည့်နိုင်ငံပေါင်း ၇၀ ကိုတင်ပို့နေပြီး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ထိုင်းနိုင်ငံသို့ တင်ပို့မှုရှိသော်လည်း ထိုင်းနိုင်ငံကို အခွန်ကင်းလွတ်ခွင့်ရသည့် မတ်လ (၁) ရက်နေ့ မှ ဩဂုတ်လ (၃၁) ရက်အထိသာ ထိုင်းနိုင်ငံသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ပြောင်းတန်ချိန် တစ်နှစ်လျှင် ၂ ဒသမ ၃ သန်းနှင့် ၂ ဒသမ ၆ သန်းကြားထွက်ရှိပြီး ယခုနှစ်တွင် အထွက်နှုန်းလျော့ကျနေခြင်းဖြစ်ကြောင်း ကုန်သည်များ၏ ပြောပြချက်အရသိရသည်။

**Source:** https://www.popularmyanmar.com/?p=102546

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၁ သန်းကျော် ပိုမိုရရှိထား

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၏ ၁၀ လတာနီးပါးကာလအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးမှ ၂၆ သန်းကျော် ရရှိထားပြီး ယခင်ဘဏ္ဍာနှစ်ထက်အမေရိကန်ဒေါ်လာ ၁ သန်းကျော်ပိုမိုရရှိထားသည်။

ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၃ သန်းပို့ကုန်ဝင်ငွေရရှိထားပြီး သွင်းကုန်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ဝ ဒသမ ၁၆ သန်းဝင်ငွေရရှိထားကြောင်းသိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ စစ်တွေဂိတ်မှ အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၄၄ သန်းဖြင့်အများဆုံးကုန်သွယ်မှုပြုလုပ်ထားပြီး ဒီဘဏ္ဍာနှစ်အတွင်း စစ်တွေနှင့်မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ရေထွက်ကုန် အများဆုံးတင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကုန်သွယ်ရေးစခန်းနှစ်ခုမှ ရေထွက်ကုန်တင်ပို့မှုမှာ မွေးမြူရေးငါးမြစ်ချင်း၊ ငါးမုန့်မည်း၊ ငါးသလောက်၊ ငါးနီတူခြောက်နှင့်ငါးမှုန့်ခြောက်များပါဝင်ပြီး ကုန်ခြောက်များတွင် မန်ကျည်းသီး၊ ချင်း၊ ကြက်သွန်၊ ထန်းလျက်အစရှိသည့် ကုန်ခြောက်များပါဝင်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=102535

## ၁၀ လအတွင်း တွင်းထွက်သယံဇာတတင်ပို့မှုမှ ဒေါ်လာသန်း ၂၃၀ ကျော်ရရှိထား

၂၀၂၂ ဧပြီလမှ ၂၀၂၃ ဇန်နဝါရီလကုန်အထိ (၁၀) လအတွင်း ပြည်ပနိုင်ငံတွေထံ တွင်းထွက်သယံဇာတပစ္စည်း တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ (၂၃၅) သန်း ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC) က ဖော်ပြထားပါတယ်။

ဒီပို့ကုန်ရငွေက ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်ကာလတူမှာ ရရှိခဲ့တဲ့ တွင်းထွက်သယံဇာတ ရောင်းချရမှုတန်ဖိုး ကန်ဒေါ်လာ (၅၆၄) သန်းနဲ့နှိုင်းယှဉ်ရင် တင်ပို့မှုပမာဏ ဒေါ်လာသန်း (၃၃၀) သန်းခန့် လျော့နည်းသွားပါတယ်။

တင်ပို့ရောင်းချတဲ့ တွင်းထွက်အမယ်တွေထဲမှာ ကျောက်မျက်ရတနာ၊ ရွှေ၊ ကျောက်စိမ်း၊ ပုလဲ၊ စိန်၊ အဖြိုက်နက်၊ သံဖြူ၊ ငွေ၊ ကြေးနီ၊ သွပ်၊ မီးသွေးနဲ့ အခြားသော တွင်းထွက်သယံဇာတတွေ ပါဝင်လျက်ရှိပါတယ်။

Source: BETV Business

## မတ်ပဲနှင့်ပဲမျိုးစုံ ဈေးပြန်တက်လာ

ရောဝတီတိုင်းဒေသကြီးအတွင်း ဇန်နဝါရီလ တတိယပတ်အထိ မတ်ပဲနှင့်ပဲမျိုးစုံဈေးနှုန်းများ တည်ငြိမ်နေပြီး စတုတ္ထပတ်အတွင်းတွင် ဈေးနှုန်းများပြန်တက်လာကြောင်းသိရှိရသည်။ အထူးသဖြင့် မတ်ပဲဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ဝန်းကျင်တွင်ရှိနေရာမှ ဈေးပြန်တက်လာသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တစ်တင်းလျှင် ကျပ် ၅၇၅၀၀၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျပ် ၅၈၀၀၀၊ ၂ ရက်နေ့တွင် ကျပ် ၅၉၇၀၀၊ ၃ ရက်နေ့တွင် ကျပ် ၆၀၂၀၀၊ ၄ ရက်နေ့တွင် ကျပ် ၅၈၅၀၀၊ ၅ ရက်နေ့တွင် ကျပ် ၅၉၀၀၀၊ ၆ ရက်နေ့တွင် ၅၉၅၀၀ အသီးသီးဖြစ်ပါသည်။

အခြားပဲမျိုးစုံဈေးနှုန်းများ၏ တစ်ပတ်အတွင်း ဈေးနှုန်းနှိုင်းယှဉ်ချက်မှာ ယခင်သီတင်းပတ်အတွင်း ပဲတီစိမ်းဆီပြောင် တစ်တင်းဈေး ကျပ် ၆၅၀၀၀ မှ ယခုသီတင်းပတ်အတွင်း ကျပ် ၆၇၀၀၀ ဖြစ်လာသည်။ ပဲလွန်းဖြူဈေးနှုန်း ကျပ် ၄၅၀၀၀ မှ ကျပ် ၄၆၅၀၀၊ ပဲလွန်းနီဈေးနှုန်း ကျပ် ၆၄၀၀၀ မှ ကျပ် ၆၈၀၀၀၊ ပဲတီစိမ်းအနီ ကျပ် ၁၀၀၀၀၀ မှ ကျပ် ၁၁၀၀၀၀၊ ပဲယင်းနီဈေးနှုန်း ကျပ် ၇၀၀၀၀ မှ ကျပ် ၇၃၅၀၀ အသီးသီး ဈေးမြင့်တက်လာကြောင်း သိရှိရသည်။

မတ်ပဲဈေးနှုန်းသည် ပြည်တွင်းငွေကြေးဈေးနှုန်းကျဆင်းလာခြင်းနှင့်အတူ အဓိကဝယ်လက်နိုင်ငံ၏ ပြည်တွင်းဈေးနှုန်းမြင့်တက်လာခြင်းကြောင့် ဈေးတက်လာကြောင်းသိရသည်။

အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဝယ်လိုအား အတန်အသင့်ရှိနေသော်လည်း မြန်မာမတ်ပဲကို အကန့်အသတ်ဖြင့် တင်သွင်းနေခြင်းကြောင့် ၎င်းတို့၏ လက်ရှိမတ်ပဲဈေးကွက်မှာ ဈေးတန်းမာလျှက်ရှိသည်။ မတ်လ ၁၀-၁၅ ရက်အတွင်းတွင် အိန္ဒိယသို့ မြန်မာမတ်ပဲအဝင်ရှိမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ အချို့ပြည်နယ်များတွင် အခါမဲ့မိုးရွာသွန်းမှုကြောင့် မတ်ပဲပျက်စီးမှုများလည်း ရှိကြောင်းသိရသည်။ မကြာသေးမီက မတ်ပဲတင်သွင်းမှုများတွင် ပြည်တွင်းကုန်သည်များ အနည်းငယ်နစ်နာမှုရှိခဲ့သဖြင့် လက်ရှိမြန်မာမတ်ပဲတင်သွင်းမှု အားနည်းနေခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ဆိုသည်။

အိန္ဒိယ၏ ပြည်တွင်းစိုက်မတ်ပဲများမှာ လာမည့်အောက်တိုဘာလတွင်မှ ဈေးကွက်ဝင်လာမည်ဖြစ်ပြီး လက်ရှိတွင် မြန်မာမတ်ပဲနှင့်အိန္ဒိယနိုင်ငံတောင်ပိုင်းမှ မတ်ပဲများကိုအားထားနေရကြောင်းသိရှိရသည်။

မြန်မာမတ်ပဲစိုက်ပျိုးထုတ်လုပ်မှုတန်ချိန် ၆.၅ သိန်းခန့်နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းမှ မတ်ပဲထွက်ရှိမှု တန်ချိန် ၃.၅ – ၄ သိန်းခန့်ရှိမည်ဖြစ်ကြောင်း၊ ပြည်တွင်းဝယ်လိုအား ဆက်လက်ခိုင်မာနေမည်ဖြစ်ကြောင်း Agri World Mumbai ကဆိုသည်။ ချနိုင်းမတ်ပဲဈေး တစ်ကွမ်တယ်လျှင် အနိမ့်ဈေး Rs 6800–7000 မှ အမြင့်ဈေး Rs 8000–8200 ဖြင့် နောက်ထပ် ၄ လမှ ၆ လ အတွင်း ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သိရှိရသည်။

**Source: ရောကုန်သွယ်မှုဗဟိုဌာန**

## သဇင်မြေကုန်သွယ်မှုဇုဟိုဌာနမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၈-၁-၂၀၂၃) မှ (၃-၂-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ကြက်သွန်နီ၊ မန်ကျည်းစေ့၊ ဇီးဖတ်၊ ချင်း(အစို)၊ စစ်တုံဥ၊ ဇီးသီးခြောက်၊ အုန်းသီး၊ အုန်းသီးခြောက်၊ ငါးမြစ်ချင်းနှင့်ဇီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၂၂၆၂၀၂ ဒသမ ၃၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ် ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် စစ်တုံဥတန်ချိန် ၂၁၇ တန်တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ စစ်တုံဥ တန်ချိန် ၂၉၈ တန်တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် စစ်တုံဥတန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် စစ်တုံဥတင်ပို့နိုင်မှု ငွေပမာဏမှာ ၂၂၇၈၅ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: သဇင်မြေကုန်သွယ်မှုဇုဟိုဌာန



TIR